# ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက်လည်းကောင်း၊ နိုင်ငံတော်၏ စစ်မှန်ခြင်းနှင့် ထင်ရှားပေါ်ထွန်းခြင်းအတွက်လည်းကောင်း၊ သခင်ဘုရားကြွလာခြင်းအလို့ငှာ မိမိကိုယ်ကို အဆင်သင့်ဖြစ်စေမည့် သတို့သမီးအတွက်လည်းကောင်း ကောင်းသောမြေအားဖြင့် ပုံဆောင်ထားသည့် အရာအားလုံးပါဝင်သော ခရစ်တော်အပေါ် အားထုတ်လုပ်ဆောင်ခြင်း

## အဓိကသော့ချက်များ

အစ္စရေးလူတို့၏ ကောင်းသောမြေအထဲသို့ ဝင်ရောက်ခြင်းနှင့် ခါနန်ပြည်၌ စစ်ပွဲတိုက်ခိုက်ခြင်း၏ ပုံဆောင်ချက်ကို နားလည်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ခါနန်ပြည်၌ ပုံဆောင်ချက်တွင် နှစ်ဆသော ပုံဆောင်ချက်ရှိကြောင်း သိရှိရန် လိုအပ်သည်၊ အပေါင်းလက္ခဏာဘက်၌ ကြွယ်ဝခြင်းများ၏မြေဖြစ်သော ခါနန်ပြည်သည် ကိုယ်တော်၏ စစ်၍ မကုန်နိုင်သော ကြွယ်ဝခြင်းများနှင့်အတူ အရာအားလုံးပါဝင်သော ခရစ်တော်ကို ပုံဆောင်သည်၊ အနုတ်လက္ခဏာဘက်၌ ခါနန်ပြည်သည် လေထုထဲရှိအပိုင်း၊ စာတန်၏မှောင်မိုက်နိုင်ငံ ကောင်းကင်ဆိုင်ရာအပိုင်း၊ စာတန်၏အင်အားစုများပြည့်နေသော ကောင်းကင်ဆိုင်ရာများကို ပုံဆောင်သည်။

ကောင်းသောမြေအဖြစ် ခရစ်တော်ကို အပြည့်အဝပိုင်ဆိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် မယုံကြည်ခြင်း၏ ဆိုးညစ်သောစိတ်နှလုံးရှိခြင်းကို သတိထားရမည်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကတိတော်များ၌ စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ရန်၊ ကိုယ်တော်သည် သူ၏လူများနှင့်အတူရှိနေကြောင်း ယုံကြည်ရန်နှင့် ကျွန်ုပ်တို့သည် အောင်မြင်ရန် ကောင်းစွာတတ်နိုင်ကြောင်းကို ယုံကြည်ရန် ကျွန်ုပ်တို့၏ယုံကြည်ခြင်းဝိညာဉ်ကို လေ့ကျင့်၍၊ သခင်ဘုရားထံသို့ ကျွန်ုပ်တို့စိတ်နှလုံးလှည့်ပြန်လာရမည်ဖြစ်သည်။

အစ္စရေးအမျိုးသားတို့က ဘုရားသခင်အား ကိုးကွယ်ခြင်းရည်ရွယ်ချက်အတွက် ကောင်းသောမြေအပေါ် အားထုတ်လုပ်ဆောင်မှုမှ သူတို့၏ထုတ်ကုန်တွင် ဝေစုအချို့ကို ဖယ်ထားကြသည်၊ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော ခရစ်တော်အပေါ် သစ္စာရှိစွာ အားထုတ်လုပ်ဆောင်မည်ဆိုလျှင် ထုတ်ကုန်အဖြစ် အသင်းတော်၌ ဖော်ထုတ်ပြသရန်

ခရစ်တော်၏ကြွယ်ဝခြင်းများကို ရရှိ၍၊ ဝိညာဉ်၌နှင့်ဟုတ်မှန်ခြင်း၌ ဘုရားသခင်ကို
စုပေါင်းကိုးကွယ်ခြင်းအတွက် အသင်းတော်အစည်းအဝေးများသို့ ယူဆောင်လာရန်
ခရစ်တော်၏ ပိုလျှံမှုကို ရရှိမည်ဖြစ်သည်။

ဘုရားသခင်၏အသက်ရှင်သောနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ထိုးဖောက်ဝင်၍
ကျွန်ုပ်တို့၏ တွေးတောစဉ်းစားနေသော အသိဉာဏ်နှင့် လှည့်လည်သွားလာနေသော စိတ်မှ
ကျွန်ုပ်တို့၏ဝိညာဉ်၌ ဥပုသ်နေ့နားခိုခြင်းအဖြစ် ခရစ်တော်အထဲသို့ လွှတ်မြောက်စေရမည်၊
ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စိတ်၏လှည့်လည်နေခြင်း၌ ယိမ်းယိုင်နေသူများမဖြစ်သင့်ဘဲ၊ စိတ်ကို
ငြင်းပယ်၍ ကောင်းကင်ဆိုင်ရာ ခရစ်တော်ကို ယူဆောင်စားသုံး၍ မွေ့လျော်ဝမ်းမြောက်ရန်၊
ကျွန်ုပ်တို့ဝိညာဉ်အထဲသို့ ရှေ့ဆက်တိုးဝင်ရန် လိုအပ်သည်၊ သို့မှသာ မိလေနိကာလတွင်
ကိုယ်တော်စိုးစံခြင်း၏ နိုင်ငံတော်နားခိုခြင်း၌ ကျွန်ုပ်တို့ပါဝင်ဆက်ဆံနိုင်မည်ဖြစ်သည်။

# Message One
# ကောင်းသောမြေအတွက် တိုက်ခိုက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယောရှု၊၁း၂-၆၊ ၁၃။ ဧ၂း၂။ ဖိး၁၂။ ကော၊၁း၁၂-၁၃

**I. ကျွန်ုပ်တို့သည် ကျမ်းစာတော်မြတ်ကို ဂရုတစိုက် ဖတ်မည်ဆိုလျှင်၊ ကောင်းသောမြေအတွက် တိုက်ခိုက်ခြင်း ရှိနေကြောင်း ကျွန်ုပ်တို့ မြင်ရလိမ့်မည်ဖြစ်သည် - ယောရှု၊၁း၂-၆၊ ၁၃။**

A. ဘုရားသခင်၏ရန်သူဖြစ်သည့် စာတန်သည် ဘုရားသခင်၏လူများကို ခရစ်တော်ကို ကောင်းသောမြေအဖြစ် သိမ်းပိုက်ပိုင် ဆိုင်ခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းမှ အဆုံးစွန် တားဆီးရန် လုပ်ဆောင်နေသည် - ဧ၂း၂။ ဖိး၁၂။

B. ဓမ္မဟောင်းကျမ်းရှိ စစ်ပွဲများအားလုံးမှာ ကောင်းသောမြေနှင့် ဆက်စပ်နေလျက်ရှိသည် - ယောရှု၊၁း၂-၆။ ၅း၁၁-၆း၂၇။

**II. အစ္စရေးလူမျိုးများ ခါနန်ပြည်သို့ ဝင်ရောက်ခြင်းနှင့် ခါနန်ပြည်၌ စစ်ပွဲတိုက်ခိုက်ခြင်းတို့၏ ပုံဆောင်ချက်တို့ကို နားလည်ရန် အလို့ငှာ ကျွန်ုပ်တို့သည် ခါနန်ပြည်၌ ပုံဆောင်ချက်တွင် နှစ်ဆသော ပုံဆောင်ချက်ရှိကြောင်း သိရှိရန် လိုအပ်သည် - ကော၊၁း၁၂။ ဧ၁း၃။ ၂း၂။ ဖိး၁၂။**

A. အပေါင်းလက္ခဏာဘက်၌ ကြွယ်ဝခြင်းများ၏မြေဖြစ်သည့် ခါနန်ပြည်သည် ကိုယ်တော်၏စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများနှင့်အတူ အရာအားလုံးပါဝင်သော ခရစ်တော်ကို ပုံဆောင်သည် - တရား၊၈း၇-၁၀။ ကော၊၁း၁၂။ ဧ၃း၈။

1. ကောင်းသောမြေသည် ကျမ်းစာတွင် တွေ့ရှိရသည့် ခရစ်တော်၏ အဆုံးစွန်သော ပုံဆောင်ချက်ဖြစ်သည် - တရား၊၈း၇။

2. ကောင်းသောမြေ၊ ခါနန်မြေသည် အလုံးစုံဖြစ်တော်မူ၍ အလုံးစုံတို့၌ရှိတော်မူသောအရှင်နှင့် ကျွန်ုပ်တို့ထံ အရာခပ်သိမ်း ဖြစ်တော်မူသောအရှင် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည် - ဧ၃း၈။

3. သမ္မာကျမ်းစာ၌ မြေသည် ခရစ်တော်၏ သရုပ်ဖော်ပြချက်၊ အမှတ်လက္ခဏာ ဖြစ်သည် - က၊၁း၉။ ၂ပေ၊၃း၅။

   a. ကမ္ဘာဦး ၁း၉-၁၀ နှင့် ၁၃ ရှိ တတိယနေ့တွင် သေခြင်းရေထဲမှ ထွက်ပေါ်လာသည့် မြေသည် သုံးရက်မြောက်သော နေ့တွင် သေခြင်းထဲမှ ထွက်ပေါ်လာခဲ့သည့် ရှင်ပြန်ထမြောက်သော ခရစ်တော်၏ပုံဆောင်ချက်ဖြစ်သည်။

   b. ကျမ်းစာတော်၌ ဖွင့်ပြထားသည့် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၏မြေဖြစ်ရန် ဖြစ် သည် - တရား၊၈း၇-၁၀။

B. အနုတ်လက္ခဏာဘက်၌ ခါနန်မြေသည် လေထုထဲရှိအပိုင်း၊ ကောင်းကင်ဆိုင်ရာအပိုင်း၊ စာတန်၏မှောင်မိုက်နိုင်ငံ၊ စာတန်၏ အင်အားစုများ ပြည့်နေသည့် ကောင်းကင်ဆိုင်ရာများကို ပုံဆောင်သည် - ဧ၂း၂။ ၆း၁၂။

1. စာတန်သည် သူ၏အခွင့်အာဏာနှင့် သူ၏ကောင်းကင်တမန်များရှိပြီး၊ သူတို့သည် ဤလောက၏ မှောင်မိုက်အုပ်စိုးသူများ၊ တန်ခိုးများနှင့် အစိုးရသူများအဖြစ် သူ၏လက်အောက်ခံများ ဖြစ်ကြသည် - တ၊၂၆း၁၈။ မ၊၁၂း၂၆။ ၂၅း၄၁။ ဧ၊ ၆း၁၂။ ကော၊၁း၁၃။
2. ယနေ့တိုင်အောင် ဆိုးညစ်သောအင်အားစုများသည် ခရစ်တော်၏အရာအားလုံးပါဝင်ခြင်းကို ဘုရားသခင်၏လူများထံမှ ဖုံးကွယ်ထားလျက် ရှိသည် - ၂း၈၊ ၁၈။ ၂ကော၊၄း၄။
3. ဗျာဒိတ်ကျမ်းတွင် ... ဖေက်စာစောင်က ကောင်းကင်ဆိုင်ရာများတွင် မတူညီသော အလွှာများရှိကြောင်း ညွှန်ပြထားသည် - ၁း၃။ ၂း၂။၆း၁၂။
   a. ခရစ်တော်သည် ကျွန်ုပ်တို့၏ကောင်းသောမြေအဖြစ် ကျွန်ုပ်တို့၏အရာခပ်သိမ်းဖြစ်ရန် တတိယကောင်းကင်တည်း ဟူသော အမြင့်ဆုံးအလွှာ၌ ရှိသည် - တရား၊၈း၇-၁၀။
   b. ကောင်းကင်ဆိုင်ရာများ၏ နိမ့်သောအလွှာ- လေထုလည်းရှိကာ၊ ယင်းမှာ လေထု၏အခွင့်အာဏာကို အစိုးရသူအဖြစ် စာတန်သည် မြေကြီးပေါ်ရှိ လူများအား ဘုရားသခင်ကို ဆက်သွယ်ခြင်းနှင့် ခရစ်တော်ကို လက်ခံရရှိခြင်းမှ နှောင့်ယှက်တားဆီးရာနေရာဖြစ်သည်။ ဤအရာကို အစ္စရေးလူများအား ကောင်းသောမြေအထဲသို့ ဝင်ရောက်ခြင်းမှ နှောင့်ယှက်တားဆီးနေသော ခါနန်ပြည်သားများအားဖြင့် ပုံဆောင်ထားသည် - ဧ၂း၂။
4. ခါနန်ပြည်သားများသည် စာတန်နောက်လိုက်ဖြစ်ကြသော၊ စာတန်နိုင်ငံရှိ တန်ခိုးများ၊ အစိုးရသူများနှင့် အခွင့်အာဏာ များဖြစ်လာကြသော၊ ကောင်းကင်ဆိုင်ရာများရှိ ဝိညာဉ်ရေးဆိုင်ရာ ဆိုးညစ်သောအင်အားစုများ ဖြစ်ကြသော ကျဆင်းသည့် ကောင်းကင်တမန်များ၊ ပုန်ကန်သော ကောင်းကင်တမန်များကို ပုံဆောင်သည် - ဗျာ၊၁၂း၄၊ ၇။ ဧ၊၆း၁၂။

## III. မြေကို လွှမ်းမိုးနေရာယူထားသော ရုပ်တုကိုးကွယ်သူ လူမျိုးနွယ် အမျိုးမျိုးသည် ကျွန်ုပ်တို့ဇာတိအသက်၏ မတူညီသော သွင်ပြင်များကို ပုံဆောင်ခြင်းဖြစ်သည်။

A. ရုပ်တုကိုးကွယ်သူမျိုးနွယ်များ၏ဘုရားများ (ရုပ်တုများ) (ထွ၊၂၃း၂၄)နှင့် သူတို့၏ နောက်ကွယ်တွင်ရှိသော နတ်ဆိုးတို့ (ညွှန်း၊ ၁ကော၊၁၀း၂၀) သည် ဆိုးညစ်သောသူ၏ ဝိညာဉ်ဆိုင်ရာအင်အားစုများကို ကိုယ်စားပြုသည် (ဧ၊၆း၁၂)။

B. ကျွန်ုပ်တို့ဇာတိအသက်တာ၏ နောက်ကွယ်တွင် ဆိုးညစ်သောသူ၏ အင်အားစုများရှိပြီး (ညွှန်း၊ မ၊၁၆း၂၃ မှတ်စု ၁)၊ ၎င်းက အရာအားလုံးပါဝင်သော ခရစ်တော်ကို ပိုင်ဆိုင်ခြင်းနှင့် ကိုယ်တော်၏ ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ခြင်းမှ ကျွန်ုပ်တို့ကို နှောင့်ယှက်ရန် ကျွန်ုပ်တို့ဇာတိအသက်တာ၏ သွင်ပြင်များကို အသုံးချကာ၊ ခြယ်လှယ်ကြိုးကိုင်သည်၊ ညွှန်ကြားသည်။

C. ဇာတိအသက်သည် ကျွန်ုပ်တို့အား ခရစ်တော်ကို ပိုင်ဆိုင်ခြင်းနှင့် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းမှ နှောင့်ယှက်တားဆီးနေသောကြောင့် ကျွန်ုပ်တို့သည် ၎င်းကို မုန်းရမည် (လု၊ ၁၄း၂၆)၊ ခရစ်တော်၌ ကျွန်ုပ်တို့ ကြီးထွားလာသည်နှင့်အမျှ ၎င်းကို နှင်ထုတ်ပစ်ရန် လိုလားဆန္ဒရှိရမည်ဖြစ်သည်။

D. ဘုရားသခင်သည် ရုပ်တုကိုးကွယ်သောလူမျိုးနွယ်များအားဖြင့် ပုံဆောင်ထားသည့် ကျွန်ုပ်တို့၏ ဇာတိအသက်ကို အားလုံး တစ်ကြိမ်တည်း ဖြတ်တောက်လိုက်မည်မဟုတ်ပါ၊ အကြောင်းမှာ ဤအရာက ကျွန်ုပ်တို့ကို အတွင်းပိုင်း ဗလာဖြစ်စေမည်ဖြစ်ကာ၊ တောရှိ တိရစ္ဆာန်များအားဖြင့် ပုံဆောင်သည့် နတ်ဆိုးများက သိမ်းပိုက်ခံရမည့်အန္တရာယ် ရှိစေသောကြောင့် ဖြစ်သည် - ထွ၊ ၂၃း၂၉။ ညွှန်း၊ မ၊၁၂း၄၃-၄၅။

1. ဘုရားသခင်သည် ကျွန်ုပ်တို့ ဘုရားဆိုင်ရာအသက်၌ ကြီးထွားမှုအဆင့်ပမာဏအတိုင်း ကျွန်ုပ်တို့၏ဇာတိအသက်ကို တဖြည်းဖြည်းချင်း၊ နည်းနည်းချင်းစီဖြင့် ဖြတ်တောက်ခြင်းဖြစ်သည် - ထွ၊၂၃း၃၀။
2. ခရစ်တော်သည် ကျွန်ုပ်တို့၌ ပို၍ တိုးပွားလာခြင်းရှိလေလေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဇာတိအသက်ကို အစားထိုး ခြင်း ရှိလေလေဖြစ်လိမ့်မည်။

E. ဘုရားသခင်သည် ရုပ်တုကိုးကွယ်သော လူမျိုးနွယ်ကို ဖယ်ရှားနှင်ထုတ်ရန် ကတိတော်ပေးခဲ့သော်လည်း (အငယ်၊၂၉-၃၀)၊ ဘုရားသခင်၏လူများသည် သူတို့အား ဖျက်ဆီးခြင်း၌ အစပြုခြင်းအားဖြင့် ကိုယ်တော်နှင့်အတူ ပူးပေါင်းပါဝင်ရမည်ဖြစ်သည် - အငယ်၊၃၁-၃၃။ ညွှန်း၊ ရော၊ ၈း၁၃။ ဂလ၊၅း၂၄။ ကော၊၃း၅။ ဖိ၊၂း၁၂-၁၃။

F. ခရစ်တော်သည် ကျွန်ုပ်တို့၌ တိုးပွားခြင်းရှိလေလေ၊ ဇာတိအသက်ကို ဖယ်ရှားနှင်ထုတ်ခြင်း၌ ဘုရားသခင်နှင့်အတူ ပူးပေါင်း ပါဝင်ရန် ကျွန်ုပ်တို့ တတ်စွမ်းနိုင်လေလေ ဖြစ်လိမ့်မည်။

IV. **ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြံအစည်တော် ပြီးမြောက်ပြည့်စုံခြင်းအတွက် ကောင်းသောမြေကို ပိုင်ဆိုင်လိုလျှင်၊ စာတန်ဆိုင်ရာ အင်အားစုများကို အနိုင်ယူဖို့ ဝိညာဉ်ရေးရာစစ်ပွဲ၌ ကျွန်ုပ်တို့ ပါဝင်ဆင်နွှဲရမည်ဖြစ်သည် - ယောရှု၊၆း၂၁။**

A. ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာစစ်ပွဲ - စာတန်၏နိုင်ငံနှင့် ဘုရားသခင်၏နိုင်ငံတော်အကြား စစ်ပွဲ မရှိမဖြစ် လိုအပ်နေခြင်းကို သိနားလည်ရန် လိုအပ်သည် - မ၊၆း၁၀။ ၇း၂၁။ ၁၂း၂၆၊ ၂၈။ ဟေရှာ၊၁၄း၁၂-၁၄။

B. အစ္စရေးလူတို့သည် ခါနန်မြေကို သိမ်းပိုက်ပိုင်ဆိုင်ရန် အဆင်သင့်ရှိနေကြသောအခါ ထိုမြေသည် နတ်ဆိုးစွဲသောလူများ၊ ရုပ်တုကိုးကွယ်သူများနှင့် နက်ဖလိမ်များဖြင့် ပြည့်နေခဲ့သည် - တောရင်း၊၁၃း၃၃။

C. ကျဆင်းသောကောင်းကင်တမန်များနှင့် ကျဆင်းသောလူ၏ ရောနှောပေါင်းစည်းမှုဖြစ်သည့် နက်ဖလိမ်များသည် ခါနန်ပြည်၌ နေထိုင်ခဲ့သောကြောင့် ဘုရားသခင်က အစ္စရေးအမျိုးသားတို့

အား ဤမြေကို သိမ်းပိုက်ရန်နှင့် ထိုနေရာမှာရှိသော အသက်ရှင်သောအရာမှန်သမျှကို ဖျက်ဆီးပစ်ရန် မိန့်မှာခဲ့သည်၊ သို့မှသာ လူသားမျိုးနွယ်သည် ရှင်းလင်းခံရနိုင်မည်ဖြစ်သည် - တရား၊ ၇း၁-၂။

1. ဘုရားဆိုင်ရာစဉ်းစားမှုအရ ခါနန်မြေရှိ လူမျိုးများသည် ရှင်းရှင်းဖျက်ဆီးခံရမည်ဖြစ်သည်၊ အကြောင်းမှာ သူတို့သည် မာရ်နတ်ဆိုင်ရာ ဖြစ်ကြပြီး၊ နတ်ဆိုးများနှင့် ရောနှောပေါင်းစည်းခဲ့ကြသောကြောင့် ဖြစ်သည် - အငယ်၊၂။ ယောရှု၊ ၁၁း၂၁-၂၂။ ၁၄း၆-၁၄။
2. ခါနန်ပြည်သားများသည် ကျဆင်းသော ကောင်းကင်တမန်များကိုသာမက၊ မိမိတို့ကိုယ်ကို ဝိညာဉ်ဆိုးများထံ၊ လေထုထဲရှိ စာတန်ဆိုင်ရာ မှောင်မိုက်တန်ခိုးထံသို့ ပေါင်းစည်းဆက်နွယ်ခဲ့ကြသည့် လူသားဖြစ်ခြင်းများကိုလည်း ရည်ညွှန်းသည် - စာရင်း၊၁၄း၄၅။

D. အာရဒ်ရှင်ဘုရင် (၂၁း၁)၊ အာမောရိရှင်ဘုရင် (အငယ်၊၂၁) နှင့် ဗာရှန်ရှင်ဘုရင် (အငယ်၊၃၃) တို့သည် ယော်ဒန်အရှေ့ဘက်ရှိ "ဂိတ်စောင့်များ" ဖြစ်ကြပြီး၊ စာတန်အတွက် မှောင်မိုက်နိုင်ငံတည်းဟူသော ခါနာန်ပြည်ကို စောင့်ကြပ်နေသည်။

1. ဘုရားသခင်၏စစ်တပ်အားဖြင့် ချေမှုန်းခံရသည့် ရှင်ဘုရင်များမှာ ကျွန်ုပ်တို့ ဆန့်ကျင်တိုက်ခိုက်ရမည့် အစိုးရသူများ၊ အခွင့်အာဏာများနှင့် မှောင်မိုက် လောကအစိုးရများကို ပုံဆောင်သည် - ဧ၊၆း၁၂။
2. အစ္စရေးအမျိုးသားတို့သည် ကောင်းသောမြေအထဲသို့ ဝင်ရောက်ရန်အလို့ငှာ သူတို့သည် ဤရှင်ဘုရင်များအားဖြင့် ထိန်းချုပ်ထားသည့် ပိုင်နက်နယ်မြေကို ဖြတ်ကျော်ရမည်၊ သူတို့ကို ဆန့်ကျင်တိုက်ခိုက်ရမည်၊ သူတို့ကို ဖျက်ဆီးရမည်၊ သူတို့၏ ပိုင်နက်နယ်မြေကို သိမ်းပိုက်ရမည်ဖြစ်သည်။
3. စစ်၍မကုန်နိုင်သော ခရစ်တော်၏ ကြွယ်ဝခြင်းများကို အမြတ်ရယူရန်အလို့ငှာ ကျွန်ုပ်တို့သည် အာရဒ်ရှင်ဘုရင်၊ အာမောရိရှင်ဘုရင် ရှိဟုန်နှင့် ဗာရှန်ရှင်ဘုရင် ဩဃတို့အားဖြင့် ပုံဆောင်ထားသည့် ဝိညာဉ်ဆိုင်ရာ ရန်သူများကို နင်းချေ နှိမ်နင်းရမည်ဖြစ်သည် - ၃း၈။ ၆း၁၀-၁၂။

E. အစ္စရေးလူတို့က မြေတွင်နေထိုင်သူများကို ဆန့်ကျင်တိုက်ခိုက်ခြင်းမှာ မြေကြီးပေါ်မှာ မြင်နိုင်သော မြင်ကွင်းနောက်ကွယ်၌ ဖြစ်ပျက်နေသော မမြင်နိုင်သော ဝိညာဉ်ဆိုင်ရာ စစ်ပွဲရှိနေခြင်းကို ပုံဖော်ပြသနေသည် - ဒံ၊၁၀း၁၀-၂၁။ ဧ၊၆း၁၀-၂၀။

1. ကျွန်ုပ်တို့သည် မြင်ကွင်းနောက်ကွယ်၌ ဝိညာဉ်ရေးရာ ပဋိပက္ခ၊ လူသားမျက်စိဖြင့် မမြင်ရသည့် ပဋိပက္ခ ဖြစ်ပျက်နေကြောင်း မြင်ရန် အရေးကြီးလှပေသည်။
2. မြေကြီးပေါ်ရှိ စစ်ပွဲများအပြင် ဘုရားသခင်နှင့် စာတန်ဆိုင်ရာအင်အားစုများအကြား လေထုထဲ၌ စစ်ပွဲရှိနေသည် - ၂း၂။ ၆း၁၂။

F. အစ္စရေးအမျိုးသားများက ခါနန်ပြည်သားများကို ဆန့်ကျင်တိုက်ခိုက်ခြင်းမှာ သူတို့သည် ကောင်းသောမြေကို ပိုင်ဆိုင်ရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် ဖြစ်ခြင်းမှာ အင်္ဂါဝင်များအားလုံး အပါအဝင် တစ်ခုလုံးအနေဖြင့် အသင်းတော်က "ကောင်းကင်ဆိုင်ရာများ၌ရှိသော ဝိညာဉ် ရေးရာအင်အားစုများ"ကို (အငယ်၊၁၂) ဆန့်ကျင်၍ ဝိညာဉ်ရေးရာ စစ်ပွဲတိုက်ခိုက်ခြင်းသည် သန့်ရှင်းသူများက ခရစ်တော်ကို အရာအားလုံးပါဝင်သောမြေအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း အတွက် ဖြစ်ကြောင်း ပုံဆောင်သည်။

G. ခရစ်တော်သည် ကျွန်ုပ်တို့၏ ကောင်းသောမြေဖြစ်ပြီး၊ ဘုရားသခင်က ကျွန်ုပ်တို့အား ခရစ်တော်ကို အမြတ်ရစေလိုသည်၊ သို့သော် ကျွန်ုပ်တို့နှင့် ကောင်းသောမြေအကြား မာရ်နတ်ဆိုင်ရာ၊ နတ်ဆိုးဆိုင်ရာအင်အားစုများ၏ အလွှာ ရှိနေသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကောင်းသောမြေကို သိမ်းပိုက်ပိုင်ဆိုင်လိုလျှင် ဤစာတန်ဆိုင်ရာ အင်အားစုများကို ကျွန်ုပ်တို့နှိမ်နင်းရမည်ဖြစ်သည် - ကော၊၁း၁၂-၁၃။ ၂း၁၅။ ဧ၃း၁၈။ ဗျ၁၁-၁၂။

1. ကျွန်ုပ်တို့ပါဝင်တိုက်ခိုက်ရမည့် အလွန်အမင်း စစ်မှန်သော ဝိညာဉ်ရေးရာစစ်ပွဲ ရှိနေပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော် ၏ကိုယ်ခန္ဓာတော်၊ လူသစ်နှင့် ဘုရားသခင်၏ နိုင်ငံတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် အရာအားလုံးပါဝင်သော ခရစ်တော်ကို အမြတ်ရယူရန် စစ်ပွဲကို တိုက်ခိုက်ရမည် - အငယ်၊၁၀-၁၂။ ၁တိ၊ဗ်း၁၂က။ ၂တိ၊၂း၃-၄။ ကော၊၁း၁၃၊ ၁၈။ ၂း၁၉။ ၃း၁၀-၁၁။

2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ခရစ်တော်ကို ပိုင်ဆိုင်လိုလျှင် ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော် တည်းဟူသော စုပေါင်းထားသော စစ်သူရဲ ဖြစ်ရမည်ဖြစ်ကာ၊ စာတန်ဆိုင်ရာ အင်အားစုများကို ဆန့်ကျင်တိုက်ခိုက်၍ နှိမ်နင်းရမည်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ခရစ်တော်ကို ပို၍အမြတ်ရယူနိုင်မည်ဖြစ်ကာ၊ ဘုရားသခင်၏နိုင်ငံတော်ကို တည်ထောင်ခြင်းနှင့် တိုးပွားပျံ့နှံ့စေခြင်းရှိနိုင်မည်ဖြစ်ပြီး၊ ထိုသို့ဖြင့် ခရစ်တော်သည် မြေကြီးကို အမွေခံရန် ပြန်ကြွလာနိုင်မည်ဖြစ်သည် - ဧ၃း၈။ ၄း၁၆။ မ၂၄း၁၄။ ဗျာ၊၁၁း၁၅။